၂၀၁၅ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ　　　　　　　　　　　　　　　　　　　　ခွင့်ပြုချိန် (၃) နာရီ

## အပိုင်း(က)

### မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို **'မှား'**သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ (၁၀ မှတ်)

**၁။** ရုပ်ပိုင်းဆိုင်ရာ လိုအင်ဆန္ဒများမှာ ချစ်ခြင်းမေတ္တာ၊ အောင်မြင်လိုမှု စသည်တို့ ဖြစ်သည်။

**၂။** အရောင်းအဝယ်ပြုလုပ်နိုင်ရန် ဆက်သွယ်ပေးသောဈေးကွက်ကို နေရာအတည်တကျ သတ်မှတ်ထားရန် လိုသည်။

**၃။** ကုန်စည်တစ်ခုကို ဝယ်လိုအားအကြောင်းပြောလျှင်ဈေးနှုန်းကိုပါ ထည့်သွင်းပြောဆိုရမည်။

**၄။** ရင်းနှီးမြှုပ်နှံမှုဘဏ်များသည် ကာလတိုဘဏ္ဍာရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသည်။

**၅။** ဈေးနှုန်းပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်မှုကို ဖယ်ရှားနိုင်ရန်အတွက် ပုံသေဈေးနှုန်း များကို အသုံးပြုရခြင်းဖြစ်သည်။

**၆။** တိုင်းပြည်ဝင်ငွေကို မည်သည့်နည်းဖြင့် တွက်ချက်သည်ဖြစ်စေ တူညီသော အဖြေကိုသာ ရရှိသည်။

**၇။** ဗဟိုဘဏ်သည် အခြားဘဏ်များကိုထိန်းချုပ်ရန်နှင့် အစိုးရ၏ငွေကြေးပေါ်လစီကို အကောင်အထည်ဖော်ရန် တည်ထောင်ထားသည်။

**၈။** ဝယ်လိုအားဆွဲအားကြောင့် ဖြစ်ပေါ်လာသော ငွေဖောင်းပွမှုမှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ပိုလျှံဝယ်လိုအားကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

**၉။** ဆေးရုံများ၊ ကျောင်းများဆောက်လုပ်သောအသုံးစရိတ်ကို သာမန်အသုံးစရိတ် ဟုခေါ်သည်။

**၁၀။** နိုင်ငံခြားငွေလဲနှုန်းတက်ခြင်းဖြင့် ထိုနိုင်ငံ၏ ပို့ကုန်ဈေးနှုန်းများကျဆင်းလာမည်။

(ခ) အောက်ပါကွက်လပ်များတွင် **ဖြည့်စွက်ရမည့် အဖြေများကို** အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

**၁။** __________ များကိုဖြည့်ဆည်းရန် ကုန်စည်နှင့်ဝန်ဆောင်မှုများအား အသုံးပြုခြင်းကို စားသုံးမှုဟုခေါ်သည်။

**၂။** ကြက်သားနှင့် ငါး၊ နှမ်းဆီနှင့်မြေပဲဆီတို့သည် ______ ကုန်စည်များဖြစ်သည်။

**၃။** ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုရှိသောနိုင်ငံကို ________စီးပွားရေးအဆောက်အအုံဟုခေါ်သည်။

**၄။** ဘဏ်များအကြား ငွေအပေးအယူကိစ္စများ ပြီးမြောက်စေရန်အတွက် ဗဟိုဘဏ်တွင်ထားရှိသော စာရင်းများညှိနှိုင်းခြင်းကို ________ ဟုခေါ်သည်။

**၅။** ကုန်စည်နှင့် မမြင်နိုင်သောအမယ်များအတွက် နိုင်ငံခြားငွေရရှိမှုနှင့်ပေးချေမှုများ ပါဝင်သည့်အပိုင်းကို ပြည်ပငွေပေးငွေယူရှင်းတမ်း၏ ______ ဟုရှုခေါ်သည်။

/တစ်ဖက်သို့

(ဂ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)မှ **အဖြေမှန်**ကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

**၁။** ဈေးကွက်ယန္တယားသည် မည်မျှထုတ်လုပ်မည်၊ မည်မျှဝယ်ယူမည်စသည်တို့ကို (က) ဈေးကွက် (ခ) ဈေးနှုန်း (ဂ) ထုတ်လုပ်မှု အရဆုံးဖြတ်သည်။

**၂။** အားမျှဈေးနှုန်းထက် မြင့်သောဈေးနှုန်း၌ (က) အားမျှအရေအတွက် (ခ) ပိုလျှံဝယ်လိုအား (ဂ)ပိုလျှံရောင်းလိုအား ကိုဖြစ်ပေါ်စေသည်။

**၃။** ထုတ်လုပ်မှုမှမဟုတ်ဘဲ အခြားသူထံမှ ရရှိသော ဝင်ငွေများမှာ (က) လွှဲပြောင်းပေးငွေ (ခ)အသားတင်ဝင်ငွေ (ဂ) ငွေကြေးဝင်ငွေ ဖြစ်သည်။

**၄။** ဘဏ်များ၏ အဓိကဝင်ငွေဇစ်မြစ်သည် (က) အမြတ် (ခ) အတိုး (ဂ) ဝန်ဆောင်ခ များ ဖြစ်သည်။

**၅။** နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစိုးရသို့ တရားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပေးရသောငွေများမှာ (က) အကောက်ခွန်များ (ခ) အခွန်တော်များ (ဂ)ထည့်ဝင်ကြေးများ ဖြစ်သည်။

၂။ အောက်ပါတို့အနက်မှ **(၁၀ ခု)** ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

| | |
|---|---|
| ၁။ အရင်းအနှီး | ၁၀။ ငွေကြေးလည်ပတ်မှုအရှိန် |
| ၂။ ကာလရှည်ဈေးငွေ | ၁၁။ စာရင်းရှင်အပ်ငွေ |
| ၃။ လုပ်အားဈေးကွက် | ၁၂။ ချက်လက်မှတ် |
| ၄။ တွဲဖက်ထုတ်ကုန် | ၁၃။ နှုန်းတိုးခွန် |
| ၅။ ထိရောက်သော ဝယ်လိုအား | ၁၄။ ပြည်သူပိုင်ကဏ္ဍ |
| ၆။ ရောင်းလိုအားတိုးခြင်း | ၁၅။ အခငွေ |
| ၇။ ကုန်ထွက်တန်ဖိုး | ၁၆။ ကိုတာ |
| ၈။ လုပ်သား၏ထုတ်လုပ်မှုစွမ်းအား | ၁၇။ ချိန်ကိုက်စေသောအမယ်များ |
| ၉။ ပြည်တွင်းသုံးရန်လက်ကျန် | ၁၈။ လိုငွေပြကုန်သွယ်မှုရှင်းတမ်း |

## အပိုင်း (ခ)
## နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။ (က) ဈေးကွက် အဓိပ္ပါယ်ကိုဖော်ပြ၍ ဈေးကွက်၏လုပ်ဆောင်ချက်များကို ပြည့်စုံစွာ ရှင်းလင်းပါ။(၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ "စုစုပေါင်း"နှင့် "အသားတင်"သဘော

၂။ "ပုံသေဈေးနှုန်း"နှင့် "နှစ်အလိုက်ဈေးနှုန်း"သဘော

၃။ အခွန်စည်းကြပ်ခြင်း၏ အခြေခံမူများ

၄။ ငွေကြေးရောင်းလိုအား (သို့မဟုတ်) ငွေကြေးပမာဏ

[တစ်ဖက်သို့

၄။ (က) ကုန်သွယ်ရေးဘဏ်များသည် ချေးငွေကို မည်သို့ဖန်တီးသည်ကိုရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)
(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။
၁။ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း
၂။ နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေ
၃။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ပုံသဏ္ဍာန်
၄။ အကောက်ခွန်နှင့် နိုင်ငံခြားငွေထိန်းချုပ်ခြင်း

၅။ (က) ရသုံးမှန်းခြေငွေစာရင်းဆိုသည်မှာ အဘယ်နည်း။ (၂၀ မှတ်)
(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။
၁။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု၏ ကောင်းကျိုးများ
၂။ ဝယ်လိုအားနှင့်အခြားကုန်စည်များ၏ဈေးနှုန်း ဆက်စပ်ပုံ
၃။ ရောင်းလိုအားအလျော့အတင်းကိုပြဋ္ဌာန်းသောအချက်များ
၄။ အင်အားစုခွဲဝေမှုပြဿနာ

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုဖြေဆိုပါ။ (၁၀ × ၂ မှတ်)

(က) မတ်တူးကားဈေးကွက်၏ ရောင်းလိုအားအခြေအနေကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

၂၀၁၅ ခုနှစ် မတ်လ၏ မတ်တူးကားဈေးကွက် ရောင်းလိုအားဇယား

| အမှတ်စဉ် | မတ်တူးကားတစီးဈေးနှုန်း(ကျပ်သိန်းပေါင်း) | တစ်လအတွင်းရောင်းချသည့်စီးရေ |
|---|---|---|
| က | ၁၅၀ | ၇၅၀ |
| ခ | ၂၀၀ | ၁၁၁၀ |

၁။ ရောင်းလိုအားအလျော့အတင်း ဆိုသည်မှာ အဘယ်နည်း။
၂။ အမှတ်စဉ် (က) မှ အမှတ်စဉ် (ခ)သို့ မတ်တူးကားဈေးနှုန်းတက်သွားသောအခါ မတ်တူးကား၏ ရောင်းလိုအားအလျော့အတင်းကို တွက်ချက်သုံးသပ်ပြပါ။

(ခ) အောက်ပါဇယားတွင် ကုန်စည်(၃)မျိုးတို့၏ ဈေးနှုန်းများနှင့် ဝယ်ယူသည့်အရေအတွက်များကို ဖော်ပြထားသည်။ (၂၀၁၂ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။)

| ကုန်စည် | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | ဈေးနှုန်း(ကျပ်) | |
|---|---|---|---|
| | | ၂၀၁၂ ခုနှစ် | ၂၀၁၃ ခုနှစ် |
| X | ၁၀ | ၁၀၀ | ၁၂၀ |
| Y | ၅ | ၉၀ | ၁၁၀ |
| Z | ၆ | ၁၄၀ | ၁၃၀ |

၁။ သက်ဆိုင်ရာနှစ်များ၏ စားသုံးသူဈေးဆနှုန်းကိန်းများကို တွက်ချက်ပါ၊

၂။ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ငွေဖေါင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

နိုင်ငံတနိုင်ငံ၏ နှစ်တနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတို
ဖြစ်သည်၊

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| ပုဂ္ဂလိကစားသုံးမှု (ကုန်ချော) | ၁၂၄၀ |
| ပုဂ္ဂလိကစားသုံးမှု (ဝန်ဆောင်မှု) | ၁၅၆၀ |
| ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု (အရင်းအနှီးကုန်စည်) | ၇၇၇၅ |
| ကုန်လက်ကျန် | ၃၄၅ |
| ပို့ကုန် | ၂၈၀ |
| သွင်းကုန် | ၃၇၆၀ |
| အစိုးရအသုံးစရိတ် | ၁၈၈၀ |
| ပင်စင်ပေးငွေ | ၆၅ |

အဆိုပါနိုင်ငံ၏ **GDP** ကိုရှာပါ၊